ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (16-10-2011)(ဖြ၁၄)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား

# အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၅

**အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ဝင်း (Rashtrapati Bhavan) ၌ ကျင်းပသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား တက်ရောက်ရန် နယူးဒေလီမြို့ သမ္မတအိမ်တော်ဝင်း (Rashtrapati Bhavan) သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ထိုအချိန်တွင် ဂုဏ်ပြုတပ်ဖွဲ့က အမြောက် ၂၁ ချက် ပစ်ဖောက်၍ ဂုဏ်ပြုကြိုဆိုကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**အိန္ဒိယသမ္မတနိုင်ငံသမ္မတ၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က နယူးဒေလီမြို့ သမ္မတအိမ်တော်ဝင်း၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား

# အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



နေပြည်တော် အောက်တိုဘာ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်က အောက်တိုဘာ ၁၄ ရက် ည ၈ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ဂုဏ်ပြုညစာစားပွဲမကျင်းပမီ ည ၇ နာရီခွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်က North Drawing Room ၌ ရှေးဦးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❑

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ Banquet Hall ၌ ကျင်းပသော ဂုဏ်ပြုညစာစားပွဲ၌ မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

၁၆-၁၀-၂၀၁၁
(တနင်္ဂနွေနေ့)

# သံစဉ်ဂီတ ကကြိုးစုံလင် ပြိုင်ပွဲဝင်

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပနေပြီ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အနုပညာရှင်များက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအသီးသီး၌ မြန်မာ့ရိုးရာ ထံတျာဂီတ သုခုမအနုပညာရပ်များကို ဖော်ထုတ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ရှေးရှုနေသည်။ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်သည်။ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းမြှင့်တင်သယ်ပိုးကြမည့် အနုပညာမျိုးဆက်သစ်များ ပေါ်ထွက်လာရေး အားပေးချီးမြှောက် အထောက်အကူပြုနေသည်။

ယခုနှစ် ကျင်းပနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့်မှသည် အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့်ပြိုင်ပွဲဝင်များက သက်ဆိုင်ရာ အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတိုင်းတွင် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာဆန်သော အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ပြသခွင့်ရရှိကြမည်ဖြစ်သည်။

မြန်မာစာပေကျမ်းဂန်များ၊ ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာ၊ မော်ကွန်း၊ နီတိကျမ်းနှင့် ဆုံးမစာများတွင် အမျိုးသားယဉ်ကျေးမှုအနှစ်သာရများ လွှမ်းခြုံနေသည်။ ထို့အတူ မြန်မာ့ဇာတ်သဘင်၌ စာပေ၏ အဆီအနှစ်၊ ဇာတ်သဘင်၏ အခေါင်အညွန့်တို့ ပေါင်းဆုံထားရာ မြန်မာမှု၊ မြန်မာ့ဂုဏ်ရည်တို့ ထုံမွမ်းလျက်ရှိသည်။ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းဇာတ်တော်ကြီး တင်ဆက်လျက်ရှိရာ သိမ်မွေ့နက်နဲသော အနုပညာရသစုံလင်ကြည့်ရှုခံစားနိုင်ကြပေမည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာ အဆောက်အအုံကြီးသည် ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့သည့်တိုင် ခမ်းနားထည်ဝါနေဆဲ၊ တင့်တယ်ခိုင်ခံ့ဆဲ၊ မြန်မာတို့၏ နှလုံးအိမ်ထဲတွင် စွဲမြဲနေရာယူထားဆဲဖြစ်သည်။ ကျင်းပနေဆဲ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် မြန်မာ့သုခုမအနုပညာ၏ သိမ်မွေ့နက်နဲမှုကို တွေ့မြင်နိုင်ကြမည်။ မျိုးဆက်သစ်အနုပညာရှင်များ၏ အနုပညာစွမ်းပကားကို ရှုစားနိုင်ကြမည်ဖြစ်သည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံးက မြန်မာ့ရိုးရာသုခုမအနုပညာများကို ထိန်းသိမ်းဖော်ထုတ် တီထွင်မြှင့်တင်ရင်း တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး အနုပညာပုံရိပ်များဖြင့် ဖော်ညွှန်းပြသသွားနိုင်မည်ဟု သုံးသပ်မိပါသည်။ ။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၅

**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှစိုးက ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ(၆)ဘာသာဂုဏ်ထူးရှင် မငြိမ်းရတနာအောင်အား ရွှေပြားဆုကို လည်းကောင်း၊ ပျော်ဘွယ်မြို့နယ်အတွင်း အောင်ချက်အကောင်းဆုံး ထူးချွန်ကျောင်းများဖြစ်သော အ ထ က (၁)၊ အ ထ က (၂)၊ နှင့် မြောက်ညောင်ကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲတို့အား ဂုဏ်ပြုဆုများနှင့် SKY NET ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် တစ်စုံစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရွှေပြားဆုတစ်ဆုလျှင် ငွေကျပ် နှစ်သိန်းဖြင့် ရွှေပြား(၄)ဆုအတွက် ငွေကျပ် ရှစ်သိန်း၊ ပညာရေးဌာနမှ လျှုဒါန်းငွေကျပ် ၃၅၀၀၀၀၊ (၆)ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၂)ဘာသာ ဂုဏ်ထူးရှင် ၁၂ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၄၇ ဦး စုစုပေါင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၇၂ ဦး တို့အား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၂၃၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၃၈၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရွှေပြားဆု ချီးမြှင့်**

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် (၆)ဘာသာဂုဏ်ထူးရှင် မငြိမ်းရတနာအောင်အား ရွှေပြားဆု ချီးမြှင့်စဉ်။**

(သတင်းစဉ်)

ပလင်းတန်
ပွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

**☆ ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

# ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော်၌ ပဉ္စမအကြိမ် ကျင်းပသည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့တွင် အသွင်သဏ္ဌာန်သာမက အနှစ်သာရရှိရှိဖြင့် စတင်ကျင်းပနေပြီဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

ယင်းပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၃ ရက်အထိ ကိုးရက်တိုင်တိုင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ညီလာခံခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ အဆိုဘာသာရပ်၊ အကဘာသာရပ်၊ အရေးဘာသာရပ်၊ အတီးဘာသာရပ်၊ ပြဇာတ်ဘာသာရပ်၊ ကွက်စိပ်ဘာသာရပ်၊ ဇာတ်သဘင်ဘာသာရပ်နှင့် ရုပ်သေးဘာသာရပ် ရှစ်မျိုးတို့တွင် နေ့စဉ်ဝင်ရောက်ယှဉ်ပြိုင်မှုအစီအစဉ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ ကြည့်ရှုခံစားနိုင်စေရန်အတွက် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် (MRTV)၊ Myanmar International Channel၊ MRTV-4 အစီအစဉ်နှင့် Skynet ရုပ်သံလိုင်းတို့မှ နေ့စဉ်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**ထုတ်လွှင့်ပြသမည်**

ထို့ပြင် "မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း" ဇာတ်တော်ကြီးပြိုင်ပွဲနှင့် "လူငယ့်စွမ်းအား" ပြဇာတ်ပြိုင်ပွဲများ ကျင်းပနေမှုများကို MRTV-4 အစီအစဉ်နှင့် Skynet ရုပ်သံလိုင်းတို့မှ အောက်တိုဘာ ၁၆ ရက်မှ စတင်၍ နေ့စဉ် ည ၇ နာရီတွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ၊ ၁၆-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|
| ၂ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်<br>(ဘွဲ့နှင်းသဘင်ခန်းမ) | အက<br>အက | ဝါသနာရှင် (ပထမတန်း) (အမျိုးသမီး)<br>ဝါသနာရှင် (ပထမတန်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | | ဇာတ်တော်ကြီး | မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း(စစ်ကိုင်းတိုင်းဒေသကြီး) | ညပိုင်း ၁၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ်<br>(စုဝေးခန်းမ) | အဆို၊ မဟာဂီတ<br>အဆို၊ မဟာဂီတ | အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)(အမျိုးသမီး)<br>ဝါသနာရှင်(ပထမတန်း)(အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | သစ်တောသုတေသနဌာန<br>(စုဝေးခန်းမ) | အတီး (ဆိုင်းတစ်ဦးချင်း)<br>အတီး (ဆိုင်းတစ်ဦးချင်း) | အခြေခံပညာအသက်(၁၀ နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား)<br>ဝါသနာရှင် (ပထမတန်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ်<br>(စာသင်ခန်းမ) | အတီး(ဂီတာ)<br>အတီး(ဂီတာ)<br>အတီး(ဂီတာ) | ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)<br>အဆင့်မြင့်ပညာ (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>(စုဝေးခန်းမ) | အတီး(ဒိုးပတ်)<br>အတီး(ဒိုးပတ်) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>(သင်တန်းခန်းမ)(၁) | အတီး(ဆိုင်းအဖွဲ့လိုက်)<br>အတီး(ဆိုင်းအဖွဲ့လိုက်) | အခြေခံပညာအသက် (၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား)<br>အခြေခံပညာအသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>(သင်တန်းခန်းမ)(၂) | အရေး<br>(သီချင်းတိုက်လေ့ကျင့်) | ဝါသနာရှင်(ပထမတန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊<br>(အဆင့်မြင့်ပညာ) (အမျိုးသား/အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀ |
| | သစ်တောတက္ကသိုလ်<br>(ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(စန္ဒရား)<br>အတီး(စန္ဒရား) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား/အမျိုးသမီး)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ်<br>(ပတ္တမြားခန်းမ) | ကွက်စိပ် | ဝါသနာရှင်(ပထမတန်း) | နံနက်ပိုင်း ၀၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ်<br>(ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ပတ္တလား)<br>အတီး(ပတ္တလား) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | | ပြဇာတ် | လူငယ့်စွမ်းအားပြဇာတ် (ဧရာဝတီတိုင်းဒေသကြီး) | ညပိုင်း ၁၉း၀၀ |



☆ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်း၊ အိန္ဒိယ သမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ်နှင့် ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလေးပြုခံစင်မြင့်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အိန္ဒိယဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း အိန္ဒိယ သမ္မတနိုင်ငံသမ္မတအား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။** (သတင်းစဉ်)





## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ်ဆက်ပေး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။**

(သတင်းစဉ်)

## အိန္ဒိယသမ္မတ မိတ်ဆက်ပေး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။**

(သတင်းစဉ်)



# လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကို ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျကြည်ညွှန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဦးတို့က "အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ" ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည် ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် အောက်တိုဘာ ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန် သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်သူ များအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း- ၂၁၄၆၅၃ သို့ကြိုတင် ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက် ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည် မဟုတ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်း အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရင်း ဒေသအဆင့်၊ နိုင်ငံတကာအဆင့်များတွင် ဆက်လက်ရပ်တည်ထောက်ခံသွားမည်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# အရှေ့ကိုမျှော်ကြည့်ရာတွင် မြန်မာနိုင်ငံသည် ပထမဆုံးတွေ့မြင်ရပြီး မိမိတို့မျှော်မှန်းကြိုးပမ်းမှု၏ အဓိကနေရာတွင်ရှိ နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်သစ်သို့ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းသွားကြရမည်

## အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်

❑ **ပြည်ထောင်စုသမ္မတမှ**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ ဝန်ကြီးများ၊ အစိုးရပိုင်းတာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်တို့အား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက နှုတ်ဆက်ဂါရဝပြုသည့် အစီအစဉ်ကို အသောကခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်တို့အား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး၊ ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ အဆင့်မြင့်အရာရှိကြီးများက တစ်ဦးချင်း ဂါရဝပြု နှုတ်ဆက်ကြသည်။

ဆက်လက်၍ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနှင့် ဇနီးနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက တစ်ဦးချင်းဂါရဝပြု နှုတ်ဆက်ကြသည်။



**အိန္ဒိယသမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က North Drawing Room ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ် အိန္ဒိယသမ္မတနိုင်ငံ Banquet Hall ၌ ကျင်းပသော ဂုဏ်ပြုညစာစားပွဲ၌ မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဂုဏ်ပြုညစာစားပွဲကို Banquet Hall ၌ ကျင်းပရာ ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် အချိန်ကာလ၏ စမ်းသပ်မှုများကို ကြံ့ကြံ့ခံနိုင်ခဲ့ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြားတွင် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာအရသော်လည်းကောင်း နက်ရှိုင်းခိုင်မာသည့် ဆက်နွှယ်မှုများ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်တွင် မိမိတို့၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည့် ပန်ဒစ်ဂျဝါဟလာလ်နေရူးက "အာရှတစ်ခုလုံးအတွက် ထူးခြားမှုရှိသည့် ဖြစ်စဉ်တစ်ရပ်" အဖြစ် ပီပြင်စွာ ဖော်ညွှန်းခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအစိုးရများသည် လွတ်လပ်ရေးရချိန်မှစတင်၍ နောက်ပိုင်းဆယ်စုနှစ်များအတွင်း ဘက်မလိုက်သော လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ကြပါကြောင်း။

မိမိတို့အနေဖြင့် အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ရင်းနှီးဆက်နွှယ်မှုများကို ပြန်လည်ဆန်းသစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရှေ့ကိုမျှော်ကြည့်ရာတွင် မြန်မာနိုင်ငံသည် ပထမဆုံးတွေ့မြင်ရပြီး မိမိတို့မျှော်မှန်းကြိုးပမ်းမှု၏ အဓိကနေရာတွင် ရှိနေပါကြောင်း၊ ယနေ့မြန်မာနိုင်ငံသည် ခေတ်သစ်သမိုင်းသစ်ကို ပါလီမန်ဒီမိုကရေစီ သရုပ်သကန်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အစိုးရအဖွဲ့ကို စတင်ခြင်းအားဖြင့် ထူးခြားသည့်နိုင်ငံရေးစနစ် အပြောင်းအလဲများကို ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ အဆွေတော် သမ္မတကြီး၏ သက်တမ်းအစောပိုင်းကာလများအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ကို အလေးထားပြောကြားခဲ့သည့်အပြင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သည့် တစ်ချိန်တည်းမှာပင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်ကို ဖော်ပြခဲ့ပါကြောင်း၊ ချစ်ခင်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံအနေဖြင့် အဆိုပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် မည်သည့်အကူအညီကိုမဆို ပေးအပ်ရန် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးအခြေခံများ ပြန်လည်မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများ တည်ထောင်ရေးနှင့် ပညာရေးစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အဆွေတော်၏ ရည်မှန်းချက်များကို ထောက်ခံပြီး မိမိတို့ ပါဝင်ကူညီသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့ တွေ့ဆုံဆွေးနွေးမှုများသည် များစွာ အောင်မြင်ခဲ့ပါကြောင်း၊ နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဆောင်ရွက်ချက်အသစ်များကိုလည်း စတင်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်သစ်သို့ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရှိန်အဟုန်ကြီးမားသည့်ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ သမ္မတကြီး ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကျန်းမာ၊ ချမ်းသာစေရန်အတွက်သော်လည်းကောင်း၊ မိတ်ဆွေမြန်မာပြည်သူအပေါင်း တိုးတက်သာယာဝပြောစေရန် လည်းကောင်း၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးတက်စေရန်အတွက်လည်းကောင်း မိမိနှင့်အတူ ဆုမွန်ကောင်းတောင်းကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး နှုတ်ဆက်ဆုမွန်ကောင်းများတောင်းသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့❖**

**※ နိုင်ငံတော်သမ္မတမှ**

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီ ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ပြည်ထဲရေးဝန်ကြီး ရှရီ ပီ၊ ချိဒမ်ဘာရမ်၊ ပြည်ပရေးရာဝန်ကြီး ရှရီ အက်စ်အမ်ခရစ်ရှနာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာဝန်ကြီး ရှရီဂျိုင်ပါးလ် ရက်ဒီ၊ စွမ်းအင်ဝန်ကြီး ရှရီဆူရှီး ကူးမားလ်ရှင်ဒေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ရှရီအာနန်ရှားမား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး ရှရီ ဗီလားစ် ရောင်းဒက်ရှမွက်၊ ဒုတိယကာကွယ်ရေးဝန်ကြီး ရှရီ အမ်အမ် ပါလမ်းရာဂျူး၊ အမျိုးသားလုံခြုံရေးအကြံပေး ရှရီ ပူလော့ချတ္တာဂျီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား တူညီသည့် သမိုင်းကြောင်းနှင့် လူမှုရေးနယ်ပယ်၌ အပြန်အလှန် ထိတွေ့ဆက်ဆံမှု၊ ဘာသာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှု နီးကပ်ဆက်နွယ်မှုတို့အပေါ် မူတည်၍ နှစ်နိုင်ငံအကြား ကဏ္ဍစုံဆက်ဆံရေးတိုးတက်ခိုင်မြဲစေရေး၊ အဆိုပါဆက်ဆံရေးကို ကဏ္ဍသစ်တစ်ရပ်သို့ တိုးမြှင့်သွားရေး၊ ဘက်စုံ လူမှုစီးပွားရေးတိုးတက်ဖြစ်ထွန်းစေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ အကြမ်းဖက်လုပ်ရပ်များအား မည်သည့် ပုံစံမျိုးဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်ခြင်းအပေါ် ဆန့်ကျင်ရေး၊ လက်နက်ကိုင်သောင်းကျန်းမှုနှင့် အကြမ်းဖက်လုပ်ရပ်များ၏ ကြီးမားသည့် အန္တရာယ်ကို နှိမ်နင်းရာတွင် နှစ်ဖက်လုံခြုံရေးတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာ တိုးမြှင့်သွားရေး၊ နယ်နိမိတ်မှတ်တိုင်များ ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းကို ပူးတွဲဆောင်ရွက်ရေး၊ အိန္ဒိယဒေသအာဏာပိုင်များက ကယ်ဆယ်စောင့်ရှောက်ထားရှိသည့် မြန်မာရေလုပ်သားများအား မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အပြီးသတ်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံတွင် ဆည်မြောင်းဖောက်လုပ်ရေးစီမံကိန်းများအပါအဝင် သီးခြားစီမံကိန်းများအတွက် သက်သာသောချေးငွေ ကူညီပေးရေး၊ ကုလားတန်မြစ်ကြောင်းပို့ဆောင်ရေး ဘက်စုံစီမံကိန်းအောက်ရှိ ကားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အမြန်ဆုံးစတင်ရေး၊ အိန္ဒိယ-မြန်မာနယ်စပ်၌ အကောက်ခွန်စခန်းသစ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခုဖွင့်လှစ်ရေး၊ အိန္ဒိယနိုင်ငံ၏ ထောက်ပံ့မှုငွေဖြင့် ရိဒ်- တီးတိန်ကားလမ်းဖောက်လုပ်ရေးစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်သွားရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံ အစိုးရများ ပူးပေါင်း၍ မန္တလေးမြို့တွင် Information Technology Institute တစ်ခုထူထောင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားရေး၊ စီးပွားရေးလုပ်ငန်းရှင်များ အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပရန်၊ နယ်စပ်ကုန်သွယ်မှုပမာဏ တိုးမြှင့်ရန်နှင့် ကုန်သွယ်မှုနှင့် ငွေပေးချေမှု အစီအမံများ ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ရန်ကုန်မြို့တွင် Enterprise India ပြပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပရေး၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသပြည်သူများ၏ စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် နှစ်ဖက်အဆင်ပြေမည့် နေရာများတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များ ဖွင့်လှစ်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကအရေးပါသည့် ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ထမံသီနှင့် ရွှေစာရေးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ပူးပေါင်းဆောင်ရွက်သွားရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နေနှင့်လေတို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ နှစ်ဖက်ပြည်သူများအကြား ပိုမိုနီးကပ်စွာ ဆက်ဆံရေး၊ နှစ်နိုင်ငံအကြား လေကြောင်းအဆက်အသွယ်တိုးချဲ့ရန်၊ လေကြောင်းခရီးစဉ်များနှင့် ခရီးလမ်းဆုံးတိုးချဲ့နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် ဘတ်စ်ကားလိုင်း အဆက်အသွယ်များ ထူထောင်နိုင်ရေး ဖြစ်နိုင်ခြေအလားအလာများကို လေ့လာဖော်ထုတ်သွားရေး၊ နှစ်နိုင်ငံအကြား သမိုင်းဘာသာရပ်၊ ရှေးဟောင်းသုတေသန၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ၏ ပူးတွဲသုတေသနစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အနုပညာရှေးဟောင်း သုတေသန၊ တေးဂီတ၊ အားကစားနှင့် သတင်းမီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေး၊ပုဂံမြို့ရှိ အာနန္ဒာဘုရား ပြုပြင်မွမ်းမံထိန်းသိမ်းရေးနှင့် ပတ်သက်၍ လုပ်ငန်းများကို ဆောလျင်စွာ စတင်ရေး၊ နှစ်နိုင်ငံအကြား သံတမန်နှင့် ကောင်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ ဗုဒ္ဓဂယာ၌ မြန်မာဘုရားဖူးများ တည်းခိုနေထိုင်ရန်နှင့် ဘုန်းတော်ကြီးများ သီတင်းသုံးရန်အတွက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အနာဂတ်ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ အဆင်ပြေချောမွေ့ချိန်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်(၁)နေရာ ရရှိရေးအတွက် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုကို အားပေးထောက်ခံသွားမည်ဖြစ်ကြောင်းကို ဆွေးနွေးပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို နှစ်ဖက်အလေးထားဆွေးနွေးခဲ့ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍအပါအဝင် အခြားစီမံကိန်းများ ဆောင်ရွက်နိုင်ရန် သက်သာသော ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးမည်ဖြစ်ကြောင်း၊ လာမည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပရန် အဆိုပြုခဲ့ခြင်းအပါအဝင် ဘင်းမ်စတက်အဖွဲ့၏ သဘာပတိ သက်တမ်းကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန် ဆန္ဒပြုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအောက်မှ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအနေအထားအရ အာဆီယံအဖွဲ့နှင့် အိန္ဒိယနိုင်ငံတို့အကြား နီးစပ်ဆက်နွယ်မှုများနှင့် ပေါင်းစည်းအားအပေါ် အခြေခံ၍ မိမိတို့၏ အရှေ့မျှော်ဝါဒ အောင်မြင်တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည့် ရည်ရွယ်ချက်ကို ထပ်လောင်းအသိပေးလိုပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တစ်လျှောက်လုံးတွင် လှိုက်လှဲနွေးထွေးစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့အား နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားလိုပါကြောင်းဖြင့် ပြောကြားသည်။ နိုင်ငံတော်သမ္မတ၏ ယင်းဖိတ်ကြားချက်ကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့က လက်ခံခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့၏ ရှေ့မှောက်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး Shri Vilasrao Deshmukh တို့က နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Programme on Cooperation in Science & Technology for the Period 2012-2015) ကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံမှ Foreign Secretary Shri Ranjan Mathai တို့က ရန်ကုန် ကလေးဆေးရုံကြီးနှင့် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးများ အဆင့်တိုးမြှင့်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding regarding upgradation of Yangon Children Hospital and Sittwe General Hospital) ကို လည်းကောင်း လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန် လဲလှယ်ကြသည်။ လက်မှတ်ရေးထိုးပွဲအပြီး၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

(သတင်းစဉ်)



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း အား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့၏ ရှေ့မှောက်၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံမှ Foreign Secretary Shri Ranjan Mathai တို့ ရန်ကုန်ကလေးဆေးရုံကြီးနှင့် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးများ အဆင့်တိုးမြှင့်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

**❖စာမျက်နှာ ၄ မှ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ရေမြေနယ်နိမိတ်ချင်း ထိစပ်နေပြီး လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြသည့် အိမ်နီးချင်းကောင်းများ ဖြစ်ကြပါကြောင်း၊ ရေမြေနယ်နိမိတ်ချင်း ထိစပ်နေမှု၊ တူညီသည့် သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးထုံးတမ်းစဉ်လာတို့အပေါ် အခြေခံပြီး နှစ်နိုင်ငံပြည်သူများသည်လည်း နီးကပ်စွာ ကူးလူးဆက်ဆံလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်း အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရေးမူဝါဒကို အထူးအလေးထားသကဲ့သို့ အိန္ဒိယနိုင်ငံ၏ "အရှေ့မျှော်ဝါဒ" ကိုလည်း အထူးလေးစားတန်ဖိုးထားပါကြောင်း၊ အဆိုပါ မူဝါဒနှစ်ရပ်ကြောင့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ယခုကဲ့သို့ တိုးတက်ခိုင်မာလာခြင်းဖြစ်သည်ဟု အလေးအနက်ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံချင်းသာမက ဘင်းမ်စတက်အဖွဲ့၊ ဂင်္ဂါမဲခေါင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်အဖွဲ့၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးလုပ်ငန်းဘောင် စသည့် ဒေသတွင်းနယ်ပယ်များအပြင် ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ စသည့် နိုင်ငံတကာနယ်ပယ်များတွင်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း။

အိန္ဒိယအစိုးရ၏ မြန်မာနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေမှုများ၊ နည်းပညာဆင့်ပွားဖြန့်ဝေမှု အပါအဝင် အစစအရာရာ ကူညီထောက်ပံ့နေမှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် ထောက်ခံအားပေးမှုများသည် မိမိတို့ အစိုးရသစ်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို အဓိကအထောက်အကူပြုလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းကောင်း အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရင်း ဒေသအဆင့်၊ နိုင်ငံတကာအဆင့်များတွင် ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဆိုသည်ကို အလေးအနက် ပြောကြားလိုပါကြောင်း။

အိန္ဒိယနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ဆတက်ထမ်းပိုးရရှိခံစားရသကဲ့သို့ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း။

အိန္ဒိယသမ္မတနိုင်ငံ ဆက်လက်တိုးတက်ဖွံ့ဖြိုး သာယာဝပြောစေရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးတည်တံ့ ခိုင်မြဲတိုးတက်စေရေးအတွက်လည်းကောင်း၊ အဆွေတော်သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်နှင့် ခင်ပွန်းတို့ ကျန်းမာ၊ ချမ်းသာစေရေးအတွက်လည်းကောင်း၊ ကြွရောက်လာကြသော ဧည့်သည်တော်များနှင့် မိတ်ဆွေများ ကျန်းမာ၊ ချမ်းသာစေရေးအတွက်လည်းကောင်း မိမိနှင့်အတူ ဆုမွန်ကောင်းများ တောင်းပေးကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး နှုတ်ဆက်ဆုမွန်ကောင်းများတောင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်နှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်နှုတ်ဆက်ကြပြီး ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

(သတင်းစဉ်)

# ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးမြှင့်တင်ရာတွင် နှစ်နိုင်ငံလုံး၌တာဝန်ရှိကြောင်း အသိအမှတ်ပြု စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်လိုကြောင်း အလေးထားဆွေးနွေး

## နှစ်နိုင်ငံနယ်စပ်တစ်လျှောက် အဆင်ပြေမည့်နေရာများတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များဖွင့်ရေး စဉ်းစားရန်၊ လက်ရှိဖွင့်လှစ်ထားသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ လုပ်ငန်းများသွက်လက်မြန်ဆန်ရေးတိုးမြှင့်ရန် သဘောတူ

## မြန်မာ - အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက် ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။**

တွေ့ဆုံဆွေးနွေးပွဲအပြီး၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ထုတ်ပြန်သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇနီး ဒေါ်ခင်ခင်ဝင်းလိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီ ဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်မှ ၁၅ ရက်ထိ ချစ်ကြည်ရေးခရီးလာရောက်လျက်ရှိပါသည်။ သမ္မတ ဦးသိန်းစိန်သည် နယူးဒေလီမြို့၌ တရားဝင်တွေ့ဆုံမှုများပြုလုပ်ခဲ့သည့်အပြင် စီးပွားရေးအချက်အချာနေရာများ၊ ဗုဒ္ဓဂါယာ၊ ကုသိနာရုံနှင့် ဗာရာဏသီအပါအဝင် သမိုင်းဝင်ဒေသများနှင့် ဘာသာရေးဆိုင်ရာ နေရာဒေသများသို့ သွားရောက်ခဲ့ပါသည်။

၂။ သမ္မတ ဦးသိန်းစိန်အား ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ရှာပတိဘာဗန်၌ တရားဝင်ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံသမ္မတက တည်ခင်းမည့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး ၎င်းနှင့်တွေ့ဆုံမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံတော်သမ္မတသည် ရာ့ဂ်ျဂတ်ရှိ မဟတ္တမဂန္ဒီ အထိမ်းအမှတ် အုတ်ဂူသို့လည်း သွားရောက်ဂါရဝပြုခဲ့ပါသည်။

၄။ သမ္မတ ဦးသိန်းစိန်အား အိန္ဒိယပြည်ပရေးရာဝန်ကြီး မစ္စတာအက်စ်အမ် ခရစ်ရှနာက လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။

၅။ သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် သီးခြားတွေ့ဆုံခဲ့ပြီးနောက် နှစ်နိုင်ငံကိုယ်စားလှယ်အဆင့်ဖြင့် တရားဝင်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများကို အိမ်နီးချင်းနှစ်နိုင်ငံနှင့် ပြည်သူများအကြား တည်ရှိပြီးဖြစ်သည့် ရင်းနှီးချစ်ကြည်မှုကို ထင်ဟပ်ပေါ်လွင်စေလျက် ခင်မင်ရင်းနှီးမှုဖြင့် အပြုသဘောဆောင်စွာ ကျင်းပခဲ့ကြပါသည်။

၆။ နှစ်နိုင်ငံတရားဝင်ဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ပြည်ထဲရေးဝန်ကြီး ရှရီ ပီ၊ ချီဒမ်ဘာရမ်၊ ပြည်ပရေးရာဝန်ကြီး ရှရီအက်စ်အမ် ခရစ်ရှနာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာဝန်ကြီး ရှရီဂျိုင်ပါးလ်ရက်ဒီ၊ စွမ်းအင်ဝန်ကြီး ရှရီဆူရှီးကူမားလ်ရှင်ဒေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ရှရီအာနန်ရှားမား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး ရှရီဗီလားစ်ရောင်းဒက်ရှမွက်၊ ဒုတိယကာကွယ်ရေးဝန်ကြီး ရှရီအမ်အမ် ပါလမ်းရာဂျူး၊ အမျိုးသားလုံခြုံရေးအကြံပေး ရှရီပူလေ့ာချတ္တာဂျီး၊ နိုင်ငံခြားရေးဌာနအတွင်းဝန် ရှရီရန်ဂျန်မာသိုင်း၊ အရှေ့မြောက်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအတွင်းဝန် မစ္စဂျယာတိချန်ဒြာနှင့် အခြားအဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပါသည်။

၇။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်သမ္မတနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အခြားအဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ကြပါသည်။

၈။ ယခုခရီးစဉ်သည် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ်လအတွင်း ပွင့်လင်းပြီး ဒီမိုကရေစီမူဘောင်အတွင်း ဖြစ်ပေါ်တိုးတက်မှုများသို့ ဦးတည်သော အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ပေါ်မှုဖြစ်သော အစိုးရအဖွဲ့သစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီးနောက် မြန်မာနိုင်ငံတော်အကြီးအကဲမှ အိန္ဒိယနိုင်ငံသို့ ပထမဆုံး လာရောက်သည့် ခရီးစဉ်ဖြစ်ပါသည်။

၉။ အိန္ဒိယဝန်ကြီးချုပ်မှ မြန်မာနိုင်ငံတော် သမ္မတအား ဒီမိုကရေစီအစိုးရအဖြစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့ခြင်းအပေါ် ချီးကျူးဂုဏ်ပြုခဲ့ပြီး ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်မှုအသွင်ဖြင့် ပိုမိုခိုင်မာသည့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် အကူအညီများ ပေးသွားရန် ကမ်းလှမ်းခဲ့ပါသည်။ အိန္ဒိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများအပြင် မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ ကျင်းပခဲ့ခြင်းနှင့် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် လွှတ်တော်အဖွဲ့များ ရွေးချယ်ဖွဲ့စည်းခဲ့မှုအပေါ် ကြိုဆိုခဲ့ပြီး အိန္ဒိယနိုင်ငံ၏ လွှတ်တော်ဆိုင်ရာ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ကျင့်သုံးမှုနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ဝေမျှရန် အသင့်ရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လာရောက်ရန် အိန္ဒိယဘက်မှ ဖိတ်ကြားထားကြောင်း နှစ်ဖက်မှတ်သားခဲ့ကြပါသည်။

၁၀။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံတော်သမ္မတတို့က နှစ်နိုင်ငံအကြား တူညီသည့် သမိုင်းကြောင်းနှင့် လူမှုရေးနယ်ပယ်၌ အပြန်အလှန်ထိတွေ့ဆက်ဆံမှု၊ ဘာသာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှု နီးကပ်ဆက်နွယ်မှုတို့အပေါ် မူတည်၍ နှစ်နိုင်ငံအကြား ကဏ္ဍစုံဆက်ဆံရေး တိုးတက်ခိုင်မြဲစေရေးကို ကြိုးပမ်းသွားရန်နှင့် အဆိုပါ ဆက်ဆံရေးကို ကဏ္ဍသစ်တစ်ရပ်သို့ တိုးမြှင့်သွားရန် တူညီသောသန္နိဋ္ဌာန်ကို ထပ်လောင်းဖော်ပြခဲ့ကြပါသည်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မြှင့်တင်ရာတွင် နှစ်နိုင်ငံလုံး၌ တာဝန်ရှိကြောင်း အသိအမှတ်ပြုလျက် ခေါင်းဆောင်နှစ်ဦးတို့က ဘက်စုံလူမှုစီးပွားရေး တိုးတက်ဖြစ်ထွန်းစေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း အလေးထား ဆွေးနွေးခဲ့ကြပါသည်။

၁၁။ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး အရှိန်ဟုန်တိုးမြှင့်နိုင်ရေးကို ရှေးရှုလျက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၂ ခုနှစ် အစောပိုင်းတွင် နယူးဒေလီမြို့၌ ကျင်းပသွားရန်နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ၏ လာမည့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်အတွင်း နှစ်ဖက်အဆင်ပြေသည့် နေ့ရက်များတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပသွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၂။ အကြမ်းဖက်လုပ်ရပ်များအား မည်သည့်ပုံစံမျိုးဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်ခြင်းအပေါ် ဆန့်ကျင်သည့် ရပ်တည်ချက်ကို မပြောင်းမလဲ တစ်သမတ်တည်း ကျင့်သုံးသွားမည်ဖြစ်ကြောင်း နှစ်ဖက်ခေါင်းဆောင်တို့က အတည်ပြုပြောကြားခဲ့ကြပါသည်။ အပြစ်မဲ့ပြည်သူများ၏ အသက်ပေါင်းများစွာကို ထိခိုက်သေကျေစေသည့် လက်နက်ကိုင်သောင်းကျန်းမှုနှင့် အကြမ်းဖက်လုပ်ရပ်များ၏ ကြီးမားသည့်အန္တရာယ်ကို နှိမ်နင်းရာတွင် နှစ်ဖက်လုံခြုံရေးတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာ တိုးမြှင့်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ လက်နက်ကိုင်သောင်းကျန်းသူများ၏အန္တရာယ်ကို တိုက်ဖျက်ရာတွင်လည်းကောင်း၊ လက်နက်မှောင်ခိုမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုကို တိုက်ဖျက်ရာတွင် လည်းကောင်း၊ နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များအကြား သတင်းအချက်အလက်ဖလှယ်မှု ယန္တရားများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နယ်စပ်စီမံခန့်ခွဲမှုယန္တရား ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် မိမိပိုင်နက်နယ်မြေပေါ်တွင် အခြားတစ်နိုင်ငံအား ဆန့်ကျင်သည့် မည်သည့်လှုပ်ရှားမှုကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူအဖွဲ့အစည်းများအား မိမိပိုင်နက်နယ်မြေအတွင်း၌ လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေချခိုလှုံခြင်းနှင့် လှုပ်ရှားမှုများဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခွင့်မပြုရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း နှစ်ဖက်ခေါင်းဆောင်နှစ်ဦးတို့က ထပ်လောင်းအတည်ပြု ပြောကြားခဲ့ကြပါသည်။

၁၃။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့က အိန္ဒိယနှင့်မြန်မာ မြေတိုင်းဌာနအကြီးအကဲများ၏ အစည်းအဝေးကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပရန်ကိစ္စကို ကြိုဆိုခဲ့ကြပါသည်။ နှစ်ဖက်မြေတိုင်းအကြီးအကဲများအား နယ်နိမိတ်မှတ်တိုင်များ ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ နှစ်များ၏ ပွင့်လင်းရာသီအတွင်း နှစ်ဖက်အဆင်ပြေမည့် နေ့ရက်သတ်မှတ်ပြီး ပူးတွဲဆောင်ရွက်ကြရန် ခေါင်းဆောင်နှစ်ဦးတို့က လမ်းညွှန်မှာကြားခဲ့ကြပါသည်။

၁၄။ အိန္ဒိယရေပိုင်နက်သို့ မျောပါခဲ့ကြပြီးနောက် အိန္ဒိယနိုင်ငံ ပို့ဗလဲယား၊ အန်ဒမန်နှင့် နီကိုဘာဒေသအာဏာပိုင်များက ကယ်ဆယ်စောင့်ရှောက်ထားရှိသည့် မြန်မာရေလုပ်သားများအား မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အပြီးသတ်ဆောင်ရွက်သွားရန် တူညီဆန္ဒရှိကြောင်း နှစ်ဖက်စလုံးက ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၁၅။ မြန်မာနိုင်ငံတွင် အိန္ဒိယအစိုးရ၏ နည်းပညာနှင့်ငွေကြေးအကူအညီများဖြင့် ဆောင်ရွက်လျက်ရှိသော ကားလမ်းဖောက်လုပ်ရေး၊ ရေကြောင်းသွားလာရေး၊ လျှပ်စစ်စွမ်းအား၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှုကဏ္ဍလေ့ကျင့်သင်တန်းပေးရေး၊ ကြေးနန်းဆက်သွယ်ရေးကဏ္ဍများအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို နှစ်ဖက်ပြန်လည်သုံးသပ်ခဲ့ကြပါသည်။

၁၆။ ယခုခရီးစဉ်တွင် အောက်ပါသဘောတူညီချက်များကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြပါသည်-

(က) ရန်ကုန်ကလေးဆေးရုံကြီးနှင့် စစ်တွေအထွေထွေရောဂါကုဆေးရုံများ အဆင့်တိုးမြှင့်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာ

(ခ) ၂၀၁၂-၂၀၁၅ ကာလအတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်

၁၇။ အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံ၏ ရထားကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ ရေနံချက်စက်ရုံ၊ Optic Fiber ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့် ထောက်ပံ့ခဲ့မှုအပေါ် မြန်မာအစိုးရမှ ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၁၈။ အိန္ဒိယဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဆည်မြောင်းဖောက်လုပ်ရေး စီမံကိန်းများအပါအဝင် သီးခြားစီမံကိန်းများအတွက် သက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ပေးအပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာပါသည်။ စီမံကိန်းတစ်ခုစီကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအား အကွက်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်အတည်ပြုသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်သမ္မတက ယခုကဲ့သို့ ချေးငွေအသစ်ပေးအပ်သည့်အတွက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

၁၉။ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများကို ခေါင်းဆောင်နှစ်ဦးတို့က ကြိုဆိုခဲ့ကြပြီး ကုလားတန်မြစ်ကြောင်းပို့ဆောင်ရေး ဘက်စုံစီမံကိန်းအောက်မှ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ အကောင်အထည်ဖော်မှုတို့အပေါ် ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ထို့အပြင် ယင်းစီမံကိန်းအောက်ရှိ ကားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အမြန်ဆုံးစတင်ရန်၊ ကူးသန်းရောင်းဝယ်ရေးကဏ္ဍတွင် ကုလားတန်စီမံကိန်း၏ အသုံးဝင်မှုအခြေအနေကို သုံးသပ်လေ့လာရန်နှင့် ဆောင်ရွက်ပြီးစီးသည့်လမ်းကြောင်း စတင်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်သဘောတူညီချက်များကို ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ကုလားတန်မြစ်ကြောင်း စီမံကိန်းပြီးစီးချိန်တွင် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးအတွက် အိန္ဒိယ-မြန်မာနယ်စပ်၌ အကောက်ခွန်စခန်းသစ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခု ဖွင့်လှစ်ရန်ကိစ္စကိုလည်း နှစ်ဖက်သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၂၀။ အိန္ဒိယနိုင်ငံ၏ ထောက်ပံ့မှုငွေဖြင့် ရိဒ်-တီးတိန် ကားလမ်းဖောက်လုပ်ရေး စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်သွားရန် နှစ်ဖက်ဆုံးဖြတ်ထားချက်ကို ထပ်လောင်းဖော်ပြခဲ့ကြပါသည်။

၂၁။ မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုရေးမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့ကို ဆက်သွယ်သည့် သုံးနိုင်ငံဆက်သွယ်သည့်ကားလမ်းဖောက်လုပ်ရေး တိုးတက်မှုအခြေအနေများကို နှစ်ဖက်ပြန်လည်သုံးသပ်ခဲ့ကြပြီး မြန်မာနိုင်ငံအတွင်းရှိ ကားလမ်းများနှင့် ချဉ်းကပ်လမ်းများအတွက် စီမံကိန်းအသေးစိတ် အစီရင်ခံစာ (DPR) ပြုစုရာတွင် တိုးတက်မှုများစွာရှိနေကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။ ထို့အပြင် ယခုစီမံကိန်းအကောင်အထည်ဖော်မှုကို ဆက်လက်ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက ထပ်လောင်းကတိပြုခဲ့ကြပါသည်။

၂၂။ ခေါင်းဆောင်နှစ်ဦးတို့က သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် ကတိကဝတ်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၀ ခုနှစ်တွင် အသစ်ပြန်လည်ချုပ်ဆိုပြီးနောက် ၂၀၁၂-၂၀၁၅ ကာလအတွက် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ယခုခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း နှစ်ဖက်အသိအမှတ်ပြုခဲ့ကြပါသည်။ အိန္ဒိယဝန်ကြီးချုပ်က နှစ်နိုင်ငံအကျိုးရှိမည့်ကဏ္ဍများတွင် မြန်မာသုတေသီများအား လေ့ကျင့်သင်တန်းပေးရာ၌လည်းကောင်း၊ အိန္ဒိယ-မြန်မာ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ နှစ်နိုင်ငံတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရာ၌လည်းကောင်း အိန္ဒိယနိုင်ငံမှ အကူအညီများပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၂၃။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် နှစ်ဖက်ကတိပြုခဲ့ကြပါသည်။ စိုက်ပျိုးရေးစက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိန္ဒိယအစိုးရမှ အမေရိကန်ဒေါ်လာ ၁၀ သန်း အကူအညီပေးရေး စာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း နှစ်ဖက်မှတ်သားခဲ့ကြပြီး အိန္ဒိယဘက်မှ အောက်ပါစီမံကိန်းအသစ်များအတွက် နည်းပညာနှင့် ငွေကြေးအကူအညီများ ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့ပါသည်-

(က) ရေဆင်းတွင် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဌာန တည်ထောင်ရန်၊

(ခ) နေပြည်တော်ရှိ ပေါင်းစည်းစံပြလယ်ယာစီမံကိန်း၌ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများ ပြန်လည်အသုံးချမှုနည်းပညာဆိုင်ရာ Rice Bio Park တည်ထောင်ရန်၊

မြန်မာနိုင်ငံတော်သမ္မတက အိန္ဒိယအစိုးရ၏ အကူအညီပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်က စိုက်ပျိုးရေးကဏ္ဍကို မှီခိုအားထားနေရသည့်အတွက် အိန္ဒိယအစိုးရမှ ယခုအကူအညီပေးမည့် ဌာနနှစ်ခုသည် တိုင်းပြည်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေကြောင်း ဖွင့်ဟပြောကြားခဲ့ပါသည်။

၂၄။ ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေးတွင် ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကျမှုနှင့် ယနေ့ကမ္ဘာနှင့်အဝန်းအိုင်တီကဏ္ဍ၏အရေးပါမှုကို အသိအမှတ်ပြုသည့်အတွက် အိန္ဒိယဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ မန္တလေးမြို့တွင် Information Technology Institute တစ်ခု **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  အောက်တိုဘာ  ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Shri S.M. Krishna အား အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Shri S.M. Krishna အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

❖**စာမျက်နှာ ၆ မှ**

ထူထောင်ရာတွင် အကူအညီပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၂၅။ ပခုက္ကူမြို့တွင် အိန္ဒိယအစိုးရ၏ အကူအညီဖြင့် စက်မှုသင်တန်းကျောင်းတစ်ကျောင်း အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ခြင်းကို နှစ်ဖက်ခေါင်းဆောင်များက ကြိုဆိုခဲ့ကြပြီး မြင်းခြံမြို့တွင် အိန္ဒိယနိုင်ငံ MS/HMTI ကုမ္ပဏီ၏အကူအညီဖြင့် တည်ထောင်ထားသည့် အလားတူ စက်မှုသင်တန်းကျောင်း၏ တိုးတက်မှုအခြေအနေကို ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၂၆။ မြန်မာဘက်မှ ၂၀၁၁ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၌ ဖြစ်ပွားခဲ့သော အင်အားကြီးမားသည့် ငလျင်ဘေးဒဏ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးများအတွက် အိန္ဒိယအစိုးရ၏ အကူအညီပေးမှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယအစိုးရမှ ငလျင်ဘေးသင့်ဒေသတွင် အထက်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း ခြောက်ကျောင်း ပြန်လည်တည်ဆောက်ရေးအတွက် အကူအညီပေးမှုများအပါအဝင် အမေရိကန်ဒေါ်လာ တစ်သန်းကျော် ထောက်ပံ့ကူညီခဲ့မှုသည် ငလျင်ဘေးဒုက္ခသည်များအတွက် အရေးပေါ်လိုအပ်ချက်များကို အချိန်ကိုက် ဖြည့်ဆည်းပေးရာရောက်ခဲ့ကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။

၂၇။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နယူးဒေလီမြို့၌ မကြာသေးမီက ကျင်းပခဲ့သည့် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး သဘောတူညီချက်များကို ခေါင်းဆောင်နှစ်ဦးတို့က ကြိုဆိုထောက်ခံခဲ့ကြပြီး စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပရန်၊ နယ်စပ်ကုန်သွယ်မှုပမာဏတိုးမြှင့်ရန်နှင့် ကုန်သွယ်မှုနှင့် ငွေပေးချေမှုအစီအမံများ ပိုမိုတိုးတက်ကောင်းမွန်စေရေးကို ဆောင်ရွက်ရန်အတွက် အိန္ဒိယဘဏ်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ရန် အစရှိသည့် ဆုံးဖြတ်ချက်များကို နှစ်ဖက် ဆောလျင်စွာ အကောင်အထည်ဖော်သွားရန် တိုက်တွန်းခဲ့ကြပါသည်။ ထို့အပြင် အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်မြို့တွင် Enterprise India ပြပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပရန်ကိစ္စကို ကြိုဆိုခဲ့ကြပြီး နှစ်နိုင်ငံကုမ္ပဏီများအနေဖြင့် အဆိုပါပြပွဲများမှတစ်ဆင့် ကုန်သွယ်မှုအခွင့်အလမ်းများ အပြန်အလှန်ဖလှယ်နိုင်မှုကို အလေးထားဆောင်ရွက်ကြရန်၊ နှစ်ဖက်စီးပွားရေးအသင်းအဖွဲ့များအချင်းချင်း ပိုမိုနီးကပ်စွာ ဆက်ဆံကြရန်နှင့် နှစ်နိုင်ငံ ကုန်စည်ပြပွဲများတွင် အပြန်အလှန်ပါဝင်ပြသကြရန် တိုက်တွန်းခဲ့ပါသည်။

၂၈။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေးနှင့်ပတ်သက်၍ နှစ်ဖက် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ နယ်စပ်ကုန်သည်ကြီးများအသင်း၊ နယ်စပ်ဘဏ်ခွဲများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နှစ်ဖက်အစိုးရတာဝန်ရှိပုဂ္ဂိုလ်များအကြား အစည်းအဝေးများကို တမူး-မိုရေးနှင့် ရိဒ်-ဇိုခေါဒါဒေသတို့တွင် ပုံမှန် ကျင်းပသွားရန်နှင့် ယင်းအစည်းအဝေးများသို့ မဏိပူ/စစ်ကိုင်းတိုင်းဒေသကြီးနှင့် မီဇိုရမ်/ချင်းပြည်နယ်တို့မှ စီးပွားရေးကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၂၉။ နှစ်နိုင်ငံ နယ်စပ်ဒေသ ပြည်သူများ၏ စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နှစ်ဖက်အဆင်ပြေမည့်နေရာများတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များ ဖွင့်လှစ်ရေးကို စဉ်းစားသွားရန်၊ နှစ်နိုင်ငံပြည်သူများ ကူးသန်းသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူအဆင်ပြေစေရေးအတွက် လက်ရှိဖွင့်လှစ်ထားသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ လုပ်ငန်းများ သွက်လက်မြန်ဆန်စေရေးကို တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက် သဘောတူညီခဲ့ကြပါသည်။

၃၀။ လျှပ်စစ်စွမ်းအားကဏ္ဍသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကအရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုကြသည့် အားလျော်စွာ မြန်မာနိုင်ငံ ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ထမံသီနှင့် ရွှေစာရေး စီမံကိန်းများ အကောင်အထည်ဖော်ရေးတွင် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက် ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ ထမံသီ စီမံကိန်းနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ NHPC ကုမ္ပဏီမှ အရေးကြီးသည့် ထပ်ဆင့် စုံစမ်းလေ့လာတွေ့ရှိချက်များပေါ် အခြေခံ၍ ပြုစုခဲ့သည့် အသေးစိတ်အစီရင်ခံစာ (DPR)ကို နှစ်ဖက် ကြိုဆိုခဲ့ကြပါသည်။ ရွှေစာရေး စီမံကိန်းနှင့်ပတ်သက်သည့် အချောသပ်အစီရင်ခံစာကို ၂၀၁၂ ခုနှစ် မတ်လတွင် အပြီးသတ်ပြုစုရန် နှစ်ဖက်မှတ်သားခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော်မှုများကို (၆)လအတွင်း အပြီးဆောင်ရွက်ရန် နှစ်ဖက်တာဝန်ရှိပုဂ္ဂိုလ်များအား လမ်းညွှန်မှာကြားခဲ့ကြပါသည်။

၃၁။ စွမ်းအင်လုံခြုံမှု၏ အရေးပါမှုကို ခေါင်းဆောင်နှစ်ဦးက အသိအမှတ်ပြုကြပြီး ယင်းကဏ္ဍ၌ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နေမှုများကို ကျေနပ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပြီး အိန္ဒိယနိုင်ငံရှိ GAIL, ESSAR, ONJC ကုမ္ပဏီများမှ မြန်မာနိုင်ငံကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းတို့တွင် ကြီးမားသည့်ပမာဏဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို မြန်မာဘက်မှကြိုဆိုခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများ၌ အိန္ဒိယအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် တွန်းအားပေးသွားရန် သဘောတူညီခဲ့ကြပါသည်။

၃၂။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍနှင့် ပတ်သက်၍ နေနှင့်လေတို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပြီး အိန္ဒိယနှင့်မြန်မာနိုင်ငံတို့ရှိ နိုင်ငံတော်နှင့် ပုဂ္ဂလိက ကုမ္ပဏီများမှ ပူးတွဲစီမံကိန်းများ တည်ထောင်ရေးကို တိုက်တွန်းသွားရန် သဘောတူညီခဲ့ကြပါသည်။

၃၃။ နှစ်ဖက်ပြည်သူများအကြား ပိုမိုနီးကပ်စွာဆက်ဆံရေး၏ အရေးပါမှုကို အလေးထားသည့်အလျောက် အိန္ဒိယနှင့်မြန်မာနိုင်ငံတို့အကြား ပြည်သူများ ကူးသန်းသွားလာမှုလွယ်ကူအဆင်ပြေစေရေးကို ဆောင်ရွက်သွားရန် နှစ်ဖက် သဘောတူညီခဲ့ကြပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်များ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးလာရောက်လည်ပတ်ရာတွင် ပံ့ပိုးဆောင်ရွက်ပေးသည့်အတွက် မြန်မာဘက်မှ အိန္ဒိယဘက်သို့ ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၃၄။ နှစ်နိုင်ငံအကြား လေကြောင်းအဆက်အသွယ် တိုးချဲ့ရန် လိုအပ်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပြီး နှစ်ဖက်လေယာဉ်များ၊ လေကြောင်းခရီးစဉ်များနှင့် ခရီးလမ်းဆုံး တိုးချဲ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် နှစ်ဖက်ခေါင်းဆောင်များက သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား လမ်းညွှန်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍဆက်ဆံရေးကို တိုးမြှင့်နိုင်မည်ဟု နှစ်ဖက်ယုံကြည် အသိအမှတ်ပြုခဲ့ကြပါသည်။

၃၅။ နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် ဘတ်စ်ကားလိုင်းအဆက်အသွယ်များ ထူထောင်နိုင်ရေး ဖြစ်နိုင်ခြေ အလားအလာများကို လေ့လာဖော်ထုတ်သွားရန်နှင့် ကော်လ်ကတ္တား-ရန်ကုန်နှင့် ချင်နိုင်း-ရန်ကုန်တို့အကြား ခရီးသည်တင်ရေယာဉ်များ စတင်ပြေးဆွဲရေးကို လေ့လာသုံးသပ်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၃၆။ အိန္ဒိယအစိုးရ၏ ချေးငွေအကူအညီဖြင့် မိုရေးနှင့် မန္တလေးမြို့တို့အကြား (သို့တည်းမဟုတ်) အခြား လိုအပ်သည့် ဒေသနှစ်ခုအကြား Microwave ဆက်ကြောင်းအဆင့်မြှင့်တင်မှုကို ဆောလျင်စွာ ဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက သဘောတူညီခဲ့ကြပြီး မုံရွာနှင့် ရိဒ်-ဇိုခေါဒါ တို့အကြား အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် Optical Fiber Link ဆက်ကြောင်းသစ်များ တပ်ဆင်ရေးကို ဆောင်ရွက်သွားရန် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ညွှန်ကြားခဲ့ပါသည်။

၃၇။ မြန်မာသုတေသီများနှင့် အစိုးရအရာထမ်းများအား ITEC နှင့် TCS အစီအစဉ်များအောက်မှ သင်တန်းများပို့ချရန် အိန္ဒိယနိုင်ငံအစိုးရ၏ ကမ်းလှမ်းခဲ့ခြင်းများအပေါ် ကျေးဇူးတင်ရှိကြောင်း မြန်မာဘက်မှ ပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာကဏ္ဍများတွင် မြန်မာနိုင်ငံသားများအား နှစ်စဉ်သင်တန်းပို့ချပေးမှု အရေအတွက်ကို ၂၀၁၂-၂၀၁၃ ခုနှစ်မှ စတင်၍ ၂၅၀ ဦးအထိ တိုးမြှင့်ပေးရန် မြန်မာဘက်မှ မေတ္တာရပ်ခံချက်အပေါ် အိန္ဒိယဘက်မှ လိုက်လျောဆောင်ရွက်ပေးရန် သဘောတူညီခဲ့ပါသည်။

၃၈။ နှစ်နိုင်ငံအကြား သမိုင်းဘာသာရပ်၊ ရှေးဟောင်းသုတေသန၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ၏ ပူးတွဲသုတေသန စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံ ဘက်စုံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ အိန္ဒိယနိုင်ငံ အရုဏာချာ ပရာဒတ်ချ်၊ နာဂဒေသ၊ မဏိပူနှင့် မီဇိုရမ် ပြည်နယ်လေးခုနှင့် ယဉ်ကျေးမှု အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အနုပညာ ရှေးဟောင်းသုတေသန၊ တေးဂီတ၊ အားကစားနှင့် သတင်းမီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှု ဆက်ဆံရေးကောင်စီတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် အဆိုပါ စာချွန်လွှာအား ပြန်လည်သုံးသပ်သွားရန် နှစ်ဖက် သဘောတူညီခဲ့ကြပါသည်။ ထို့အပြင် “Buddhist Philosophy” အဆင့်မြင့်နိုင်ငံတကာဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်၌ ကျင်းပနိုင်ရေးကို နှစ်ဖက်ပူးပေါင်းစီစဉ်သွားရန် နှစ်နိုင်ငံသဘောတူညီခဲ့ပါသည်။

၃၉။ မြန်မာနိုင်ငံ ပုဂံမြို့ရှိ အာနန္ဒာဘုရား ပြုပြင်မွမ်းမံထိန်းသိမ်းရေးနှင့်ပတ်သက်၍ အိန္ဒိယ ရှေးဟောင်းသုတေသနလေ့လာရေးဌာန(ASI)မှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အဖွဲ့နှစ်ဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး အသေးစိတ်လေ့လာတွေ့ရှိချက်အစီရင်ခံစာများ ပြုစုခဲ့သည့်အတွက် နှစ်ဖက်စလုံးက ကျေနပ်အားရခဲ့ကြပြီး ယင်းအဖွဲ့၏ အစီရင်ခံစာပေါ်မူတည်၍ လုပ်ငန်းများကို ဆောလျင်စွာ စတင်ရန် သဘောတူညီခဲ့ကြပါသည်။

၄၀။ နှစ်နိုင်ငံအကြား သံတမန်နှင့် ကောင်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ရှေးရှုလျက် မြန်မာနိုင်ငံမြို့တော် နေပြည်တော်တွင် အိန္ဒိယသံရုံးအတွက် သတ်မှတ်မြေနေရာကို နှစ်ရှည်ဆက်တိုက် ငှားရမ်းခွင့်ပြုသွားရန်နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယအသက်အာမခံကုမ္ပဏီ(LIC)က ပိုင်ဆိုင်မှုများကို အိန္ဒိယအစိုးရအမည်ဖြင့် လွှဲပြောင်းပေးပြီး အနှစ်(၆၀)ငှားရမ်းစာချုပ်ဖြင့် ငှားရမ်းခွင့်ပြုလျက် မြန်မာနိုင်ငံတွင် အိန္ဒိယသံရုံးတည်ရှိနေသရွေ့ နောက်ထပ်တစ်ကြိမ်လျှင် အနှစ်(၃၀)မူလ ငှားရမ်းစာချုပ်ပါ သတ်မှတ်ချက်အတိုင်း သက်တမ်းတိုးငှားရမ်းခွင့်ပြုရန် မြန်မာဘက်မှ သဘောတူညီခဲ့မှုအပေါ် အိန္ဒိယဘက်မှ ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ရန်ကုန်မြို့ရှိ LIC ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများလွှဲပြောင်းပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ ၁၉၈၇ ခုနှစ် မရွှေ့ပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို တားမြစ်သည့် ဥပဒေ အပိုဒ်(၁၄)ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးလျက် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၅၄၅/၅၄၇)နှင့် (၆၅၄/၆၆၆)ရှိ မြေနေရာနှင့် အဆောက်အအုံတို့ကို LIC ကုမ္ပဏီက လွှဲပြောင်းပေးနိုင်ရန် ခွင့်ပြုလျက်ရှိပါသည်။ ဗုဒ္ဓဂါယာ၌ မြန်မာဘုရားဖူးများ တည်းခိုနေထိုင်ရန်နှင့် ဘုန်းတော်ကြီးများ သီတင်းသုံးရန်အတွက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ရန် မြန်မာအစိုးရမှ မြေကွက်တောင်းခံသည့်ကိစ္စနှင့် ပတ်သက်၍ အိန္ဒိယအစိုးရမှ ဆောင်ရွက်ပေးရန် သဘောတူခဲ့ပါသည်။

၄၁။ နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ကမ္ဘာနှင့်အဝန်း စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကအင်အားတစ်ရပ်အဖြစ် အင်အားတောင့်တင်းသည့် ကုလသမဂ္ဂကို ဗဟိုပြုကာ ထိရောက်သည့် နိုင်ငံစုံ ယန္တရားတစ်ရပ်သည် အရေးကြီးကြောင်းကို နှစ်ဖက်စလုံးက အလေးထား ပြောကြားခဲ့ကြပါသည်။ နိုင်ငံတကာရေးရာကိစ္စများတွင် ပိုမိုကိုယ်စားပြုမှု၊ အများပိုမိုလက်ခံယုံကြည်မှုနှင့် ပိုမိုထိရောက်မှုရှိစေရေးအတွက် လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဖွဲ့ကြီး၏ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေကြောင်း အလေးထားဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံတော်သမ္မတက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်အဖြစ် အိန္ဒိယနိုင်ငံက ဝင်ရောက်ရွေးချယ်ခံရန် ကြိုးပမ်းမှုကို ထောက်ခံကြောင်း ထပ်လောင်းအတည်ပြုခဲ့ပါသည်။

၄၂။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် နီးကပ်စွာညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို နှစ်ဖက် အလေးထားဆွေးနွေးခဲ့ကြပါသည်။ အိန္ဒိယခေါင်းဆောင်က မြန်မာနိုင်ငံမှ လာမည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုပြုခဲ့ခြင်းအပါအဝင် ဘင်းမ်စတက်အဖွဲ့၏ သဘာပတိသက်တမ်းကို အောင်မြင်စွာထမ်းဆောင်နိုင်စေရန် ဆန္ဒပြုခဲ့ပါသည်။ အိန္ဒိယဘက်မှ အာဆီယံပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအောက်မှ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် သဘာဝအနေအထားအရ အာဆီယံအဖွဲ့နှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်သွယ်ရေး၏ ပေါင်းကူးတံတားသဖွယ်ဖြစ်နေရာ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား နီးစပ်ဆက်နွယ်မှုများနှင့် ပေါင်းစည်းအားအပေါ် အခြေခံ၍ ၎င်း၏ အရှေ့မျှော်ဝါဒ အောင်မြင်တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည့် ရည်ရွယ်ချက်ကို ထပ်လောင်းပြောကြားခဲ့ပါသည်။

၄၃။ မြန်မာနိုင်ငံတော်သမ္မတက ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်တစ်လျှောက်လုံးတွင် လှိုက်လှဲနွေးထွေးစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

၄၄။ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အိန္ဒိယနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့အား နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ အဆိုပါဖိတ်ကြားချက်ကို အိန္ဒိယသမ္မတနှင့် ဝန်ကြီးချုပ်တို့က လက်ခံခဲ့ပြီး လာရောက်လည်ပတ်ရန် နှစ်ဖက်အဆင်ပြေမည့် နေ့ရက်များကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းသွားရန် သဘောတူညီခဲ့ကြပါသည်။

**နယူးဒေလီမြို့။**

**၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်။**

# မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီး

## မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့ စတင်ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၅

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီးပြိုင်ပွဲ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ယနေ့ ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့က ပွဲဦးထွက် စတင်ယှဉ်ပြိုင်တင်ဆက်သည်။**

ဇာတ်တော်ကြီးပြိုင်ပွဲသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဇနီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီး နှင့်ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ မြန်မာ့ဇာတ်သဘင်ကို မြတ်နိုး

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဇနီး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဦးလွန်းမောင်တို့ မဟာဗုဒ္ဓဝင် ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲ၌ မန္တလေးတိုင်း ဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)





လေးစားတန်ဖိုးထားကြသော ဧည့်ပရိသတ်များ ကြည့်ရှုအား ပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးရွှေနန်းတင်၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ဦးသန်းအောင်၊ တွဲဖက်ဒါရိုက်တာ မြေလတ်ဦးစောလှိုင်၊ အုပ်ချုပ်သူ ရတနာဦးတင်လင်း၊ သုဒ္ဓေါဒနအဖြစ် ချစ်ကိုနိုင်၊ မယ်တော်မာယာအဖြစ် နန်းခင်မွေ၊ ပဇာပတိဂေါတမီအဖြစ် မြတ်နိုးဝါနှင့် ဇာတ်ပို့ ဇာတ်ရံများပါဝင်သရုပ်ဆောင်ထားကြပြီး ပစ်တိုင်းထောင်ဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကာ လောကအကျိုးစီးပွားအလို့ငှာ လာခြင်းကောင်းမွန်တော်မူသော မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင် ဖွားတော်မူခန်းကို ကြည်ညိုသဒ္ဓါပွားများ နိုင်ကြစေရန် သရုပ်ဖော်ကပြယှဉ်ပြိုင်တင်ဆက်သွားသည်။ (သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကား သိုက်မြိုက်ခမ်းနားစွာ စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲ အသီးသီးသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ ဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀) (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြက ကြီးကြပ်၍ မဟာဂီတအဆို အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် “ရွှေတညာ(ယိုးဒယား)” သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်လှမျိုးဇော်နှင့် မောင်ကျော်ဇင်ထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝိုင်းလမင်းအောင်နှင့် မောင်ဝေဖြိုးသော်၊ ကချင်ပြည်နယ်မှ မောင်မင်းသန့်ဇော်တို့က သီဆိုယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ရွှေယင်ပေါင်၊ ငွေယင်ပေါင်(ပတ်ပျိုး) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ မန္တလေးတိုင်းဒေသကြီးမှ မမိုးမိုးလွင်နှင့် အောင်နှင့် မအေးမြမြဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မအေးမြဖြူနှင့် မစိုပြေမိုး၊ မန္တလေးတိုင်းဒေသကြီးမှ မဝင်းရတနာကျော်၊ ချင်းပြည်နယ်မှ မအေးငြိမ်းစံ၊ မန္တလေးတိုင်းဒေသကြီးမှ မသန်းသန်းဝင်း၊ ကယားပြည်နယ်မှ မမေသက်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မငုဝါမင်း၊ မကွေးတိုင်းဒေသကြီးမှ မနှင်းယမုံဖူး၊ မသင်းသင်းခိုင်၊ မကွေးတိုင်းဒေသကြီး မှ ဒေါ်တင်နိုင်မိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ချယ်ရီဆွေနှင့် ဒေါ်တင်ငွေမာ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မနှင်းနှင်းအောင်၊ တနင်္သာရီတိုင်းဒေသကြီးမှ ဒေါ်မာမာစိန်၊ ဧရာဝတီတိုင်းဒေသကြီးမှ မချောစုစံ၊ ချင်းပြည်နယ်မှ မဇင်ပြည့်ပြည့်ဖြိုး၊ ကယားပြည်နယ်မှဒေါ်ခင်ညို၊ မွန်ပြည်နယ်မှ ဒေါ်မြပန်းစံအိမ်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်စန္ဒာဦးတို့က သီဆိုယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)(အမျိုးသား)မဟာဂီတ အဆိုပြိုင်ပွဲတွင် “ရွှေတညာ(ယိုးဒယား)” သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

### အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြပြီး တနင်္သာရီတိုင်းဒေသကြီးမှ မရွှေရည်ဝင်း၊ ချင်းပြည်နယ်မှ မနန်းလမင်းသီရိ၊ ကရင်ပြည်နယ်မှ မသင်းရန့် ရှမ်းပြည်နယ်မှ မစုယွန်းရွှေရည်နှင့် မနှင်းပွင့်ဖြူ၊ ပဲခူးတိုင်းဒေသကြီးမှ မအိမ့်မျူးခင်၊ ကချင်ပြည်နယ်မှ မခိုင်ဆုဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မကျော့သဉ္ဇာလင်း၊ ပဲခူးတိုင်းဒေသကြီးမှ မရွှေအိဖူး၊ မွန်ပြည်နယ်မှ မသဇင်ထက်၊ ကချင်ပြည်နယ်မှ မဝယ်ဝယ်အောင်၊ ရခိုင်ပြည်နယ်မှ မလမင်းခင်နှင့် မကွေးတိုင်းဒေသကြီးမှ မဖူးပွင့်ဘိုဘိုတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အကပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ်မှ မောင်သိန်းကျော်၊ ချင်းပြည်နယ်မှ မောင်အောင်သူရိန်၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံအောင်၊ မွန်ပြည်နယ်မှ မောင်ဟိန်းထက်အောင်၊ ကရင်ပြည်နယ်မှ မောင်စောသန်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်ကျော်စိုး(ခ)ခဲသိန်း၊ ကယားပြည်နယ်မှ မောင်သိန်းငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရန်နိုင်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်မျိုးသီဟကျော်(ခ) ပိုင်ပိုင်၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင်နှင့် မောင်အောင်ကိုကို၊ ကချင်ပြည်နယ်မှ မောင်ရဲမင်းဖြိုး(ခ) ရဲရင့်ရန်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောထက်ရှိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ကြည်လွင်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ချမ်းမြေ့အောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

### ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ကွက်စိပ်အကဲဖြတ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးတင်စိုးနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟာဗုဒ္ဓဝင်တောထွက်ခန်း” ခေါင်းစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဝင်းအောင်က ဦးဆိုင်းဗိုလ် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရမ်းကျော်က ဦးမြမင်းဗိုလ် ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ လည်းကောင်း၊ ကရင်ပြည်နယ်မှ ပြည်နယ်စောမြဝင်းက ဦးစိန်ကုလားဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးခေတ်သစ်ကြည် (ခ) သောင်းမြင့်က ရေနံမြေဗိုလ်စတင်းဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။



ဝါသနာရှင်အဆင့်(ပထမတန်း) ကွက်စိပ်ပြိုင်ပွဲတွင် “မဟာဗုဒ္ဓဝင်တောထွက်ခန်း” ခေါင်းစဉ်ဖြင့် ကရင်ပြည်နယ်မှ ပြည်နယ်စောမြဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

### အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား၊ အမျိုးသမီး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီး အရေးပြိုင်ပွဲ စာသားရေး၊ တေးသွားထည့်ခြင်းကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သင်တန်းခန်းမ (၂)၌ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ် ဦးဆောင်သော အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် “ပန်းပိတောက်ဝင်းလျှံ ခါသင်္ကြန်” ခေါင်းစဉ်ဖြင့် မွန်ပြည်နယ်မှ ဦးတင့်ဇော်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကျော်လင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးမျိုးညွှန့်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မြင့်နှင့် ဦးမြတ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ တက္ကသိုလ်ဆန်နီ(ခ) မိုက်ကယ်စိန်အောင်နှင့် ဦးသန်းဝင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းရှိန်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်တို့ ဝင်ရောက်ရေးသားယှဉ်ပြိုင်ကြသည်။



အခြေခံ ပညာ အဆင့် အသက်(၅) နှစ်မှ (၁၀)နှစ် (အမျိုးသမီး) အက ပြိုင်ပွဲတွင် ကရင် ပြည်နယ်မှ မသင်း ရန့်အောင် ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် “အရှေ့တောင်အာရှအားကစားပွဲ အောင်ပွဲရဖို့ တို့ဆင်နွှဲ” ခေါင်းစဉ်ဖြင့် ချင်းပြည်နယ်မှ ဦးချမ်းမြေ့၊ မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျှန်ကပ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးသန်းကျော်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်၊ မကွေးတိုင်းဒေသကြီးမှ ဦးကျော်သန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးမြင့်ဆွေနှင့် ဦးကိုကိုဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြတ်ဝေတိုးနှင့် ဦးထွန်းသန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်၊ ကရင်ပြည်နယ်မှ စောထွန်းအာကာဗိုလ်နှင့် ကယားပြည်နယ်မှ မောင်လင်းဟိန်းတို့ ဝင်ရောက်ရေးသား ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် “အနန္တဂိုဏ်းဝင် ကျေးဇူးရှင်” ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မသုသုစံ၊ ချင်းပြည်နယ်မှ မောင်မြင့်ဇော်၊ မွန်ပြည်နယ်မှ မမြတ်ပွင့်ယမုံနှင့် မဇင်မီမီသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝေဖြိုးအောင်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ငြိမ်းချမ်းအောင်နှင့် မောင်သက်ပိုင်ကြွယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်နှင့် မောင်သန်းစိုးလွင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မခင်ချောချောခိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးကိုကိုဝင်းတို့ ဝင်ရောက်ရေးသား ယှဉ်ပြိုင်ကြသည်။

### အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် သစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ ဆိုင်းအတီး ဗဟိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်ပညာရှင်များက **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ◆

# ဘယ်သူဖျက်ဖျက် မပျက်နိုင်ပါပြီ

ကျော်မျိုးနောင်

*** မြစ်ညာအစ၊ ဤဒေသတွင် ကျွန်လျှင်နေ၍ - အကြေမြစ်ညာ၊ ထိုနေရာတွင် သင်ကနေ၏။**

*** မြစ်တွေစီးဆင်း၊ တစ်မြစ်တွင်းမှ ကြည်စွသည်ရေ၊ တူလေသောက်သုံး ချစ်ကြင်အဆုံး မရှိပြီ။**

မြန်မာကဗျာဆရာတစ်ဦးရေးဖွဲ့ခဲ့သော ကဗျာမဟုတ်ပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် မာရှယ်ချင်ယီ ၁၉၆၀ ခုနှစ်ဝန်းကျင်က ရေးဖွဲ့ခဲ့သော ကဗျာဖြစ်သည်။ တရုတ်-မြန်မာဆက်ဆံရေးသမိုင်းကြောင်းကို လေ့လာဖူးသူတိုင်း မစိမ်းသည့်ကဗျာလေးဖြစ်သည်။ တရုတ်-မြန်မာ နယ်နိမိတ်တိုင်းတာရေး ကိစ္စများ ဆောင်ရွက်ရင်း မြန်မာနိုင်ငံသို့ ကိုးကြိမ်တိုင်ရောက်ခဲ့သော ပုဂ္ဂိုလ်လည်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးလည်း လုပ်ခဲ့သည်။ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်ခဲ့သည်။တရုတ်နှင့် မြန်မာတို့၏ ရေချင်းမြေချင်းဆက်၊ ယဉ်ကျေးမှုချင်းဆက်၊ ဘာသာရေးတရား ယုံကြည်ကိုးကွယ်မှုလည်းဆက် ဤသည်တို့ကို သတိထားမိလာပြီး အခေါက်ခေါက် ရောက်ခဲ့ရာမှ ရင်ထဲကစီးဆင်းလာသော ရသပြည့်ဝလှသည့် ကဗျာလေးတစ်ပုဒ်ကို ရေးဖွဲ့ခဲ့သည်။ မြန်မာဘာသာသို့ ပြန်ဆိုသည့်အခါ ဖော်ပြခဲ့သည့်အတိုင်း လှပပြီး ရသပြည့်ဝသော ကဗျာတစ်ပုဒ်ကို တွေ့ရပါတော့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသမိုင်းကို ပြန်ကြည့်လျှင် ယင်းတို့၏အထောက်အထားများအရ ခရစ်နှစ် ၈၀၂ ခုနှစ်တွင် ပျူမင်းသားသုန္ဒ၊ အမတ်ကြီးနာကျကုဋ္ဌနှင့် မဟာသေနတို့ခေါင်းဆောင်သော ပျူသံအဖွဲ့သည် ထန်မင်းဆက်နေပြည်တော် ချန်အန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံမှ ချန်အန်မြို့အထိ ရက်ပေါင်း ၂၁၄ ရက် ကြာမြင့်ကြောင်းလည်း ပါရှိသည်ဟု သိရှိရသည်။ (၉)ရာစုအစ ကာလများကပင် နှစ်ပြည်ထောင်ချစ်ကြည်ရေး တည်ဆောက်ခဲ့ကြသည်။ဤအထောက်အထားများအရ နှစ်ပြည်ထောင်၏ ဆက်ဆံရေးသမိုင်း၊ ချစ်ကြည်ရေးသမိုင်းသည် နှစ်ပေါင်း ၁၂၀၀ ကျော်ခဲ့ပေပြီ။ ဤမျှရှည်လျားသော ဆက်ဆံရေးနှင့် ချစ်ကြည်ရေးသည် ဆွေမျိုးပေါက်ဖော် အရင်းအချာတွေပင် ဖြစ်ခဲ့ပေပြီ။

ထိုမျှမကသေးပါ။ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ရက်စွဲပါ ချိုရှိန်လင် ရေးသားသော "ထာဝစဉ်တည်မည့် တရုတ်-မြန်မာချစ်ကြည်ရေး" အမည်ရှိ ဆောင်းပါးတွင်မူ ဘီစီ ၂၀၆ ခုနှစ်နှင့် အေဒီ ၂၂၀ ခုနှစ်အတွင်း ကာလတွင် မြန်မာနိုင်ငံကို "ရှန်" ဟု သိရှိထားခဲ့ကြပြီး တရုတ်ပြည်သမိုင်းမှတ်တမ်းများအရ အေဒီ ၉၇ ခုနှစ်တွင် ရှန်ဘုရင်ယွန်ယုတယိုက တရုတ်ပြည်သို့ သံတမန်များ စေလွှတ်ခဲ့ကြောင်း၊ ထို့နောက် အေဒီ ၁၁၀ တွင် ရှန်ဘုရင်ကပင် သံအဖွဲ့တစ်ဖွဲ့နှင့်အတူ ဂီတအဖွဲ့တစ်ဖွဲ့ပါ ထည့်ပေးလိုက်ကြောင်း၊ ထို့အတူ မျက်လှည့်အဖွဲ့ပါ ပါဝင်ကြောင်း၊ တန်မင်းဆက်ခေတ် (AD ၆၁၈-၉၀၇ ခုနှစ်) ကာလအတွင်း၌ ပျူဘုရင်နိုင်ငံဟု သိရှိခဲ့ကြပြီး ကုန်သွယ်မှုများ၊ တရုတ်ဘုန်းတော်ကြီးများ အိန္ဒိယသို့ အသွားတွင် မြန်မာနိုင်ငံကို ဖြတ်သန်းသွားလာမှုများ ရှိခဲ့ကြောင်း အဆိုပါဆောင်းပါး၌ ပါရှိသည်ကို တွေ့ရသည်။ ဤအထောက်အထားများ အရဆိုသော် တရုတ်-မြန်မာ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးသည် နှစ်ပေါင်း ၂၀၀၀ ခန့်ပင် ရှိခဲ့ပေပြီ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီးဆက်ဆံခဲ့သော နိုင်ငံများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရှေ့ဆုံးကဖြစ်သည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကိုလည်း ၁၉၅၄ ခုနှစ်တွင် နှစ်နိုင်ငံပူးတွဲဖော်ထုတ်ခဲ့သည်။ ဖဆပလအစိုးရလက်ထက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအန်လိုင်း မြန်မာနိုင်ငံသို့ မကြာခဏ ရောက်ရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်ဖြစ်လာခဲ့သည့် မာရှယ်ချင်ယီသည်လည်း ကိုးကြိမ်တိုင်တိုင် ရောက်ရှိခဲ့သည်။ မြန်မာအစိုးရဘက်မှလည်း နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ဆွေမျိုးပေါက်ဖော် အရင်းအချာများအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆိုရပါလျှင် **တရုတ်-မြန်မာ ဆက်ဆံရေးသည် အလွန်ရှည်လျားသော သမိုင်းကြောင်းရှိခဲ့ပြီး ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲခဲ့၊ ခိုင်မြဲလျက်ရှိသည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။**

**မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိစ္စကို ရပ်စဲလိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြီးခဲ့သည့် စက်တင်ဘာလ ၃၀ ရက်နေ့က ကြေညာခဲ့သည်။ ပြည်သူတို့၏ အသံကို နားစွင့်၍ ပြည်သူတို့၏ ဆန္ဒကို ရှေးရှုလျက် နိုင်ငံတော် သမ္မတကြီးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းမီဒီယာ များ၊ ပြည်ပမီဒီယာများ၊ ဧရာဝတီအရေး ရင်မအေးဖြစ်နေ ကြသူများအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ကြိုဆိုကြသည်။ အမေရိကန်သမ္မတ ကိုယ်တိုင်ကပင် ချီးကျူးကြောင်း ထုတ်ပြန်သည်။**

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းလိုက်သည့်ကိစ္စကိုအခြေခံ၍ တရုတ်-မြန်မာ ဆက်ဆံရေးပျက်ပြားစေရန် ရည်ရွယ်၍ ပြောဆိုရေးသားထုတ်လွှင့်မှုများကို အခုတလော ကြားနေရ၊ တွေ့နေရသည်။ ထို၌ာနများမှာ အခြားမဟုတ်။ ဧရာဝတီကို ကယ်တင်ပါ၊ မြစ်ဆုံစီမံကိန်းကိုရပ်ပါ စသည်ဖြင့် တစာစာဟစ်ကြွေးခဲ့သော မီဒီယာ၌ာနများသာ ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံအတွင်းမှာပင် အမျိုးမျိုး ရေးသားဝေဖန်လျက်ရှိသည်။ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးမပျက်ပြားအောင် ထိန်းသိမ်းလုပ်ဆောင်ရန် တိုက်တွန်းရေးသားသူများရှိသကဲ့သို့ တရုတ်ဘက်က နစ်နာမှုများကို ထောက်ပြရေးသားသည်များလည်းရှိသည်။ သို့ရာတွင် ဖော်ပြပါ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားစေရန် ပြောဆိုရေးသားထုတ်လွှင့်ကြသော မီဒီယာ၌ာနများကမူ လုံးဝရပ်ပစ်တာ မဟုတ်၊ ခေတ္တကာလတစ်ခုသာ ရပ်ဆိုင်းခြင်းဖြစ်သည်။ ဒေါ်လာဘီလီယံနှင့်ချီ၍ နစ်နာမှုတွေရှိသည်။ မည်သို့ ဆောင်ရွက်သင့်သည် စသည်ဖြင့် မြန်မာ-တရုတ်ဆက်ဆံရေး ပျက်ပြားစေရန် လုပ်ဆောင်နေကြခြင်းပင် ဖြစ်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလာခဲ့သည်မှာ ဖော်ပြခဲ့သကဲ့သို့ပင် နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ နှစ်နိုင်ငံနယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့်နိုင်ငံလည်း ဖြစ်သည်။ ရင်းနှီးမှုမှာလည်း ဆွေမျိုးပေါက်ဖော် ဆက်ဆံမှု၊ နှစ်နိုင်ငံ၏ မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်ပေသည်။ ဤသို့ ချစ်ကြည်ရင်းနှီးမှုခိုင်မာခဲ့သဖြင့်လည်း မည်သည့်အခြေအနေမျိုးတွင်မဆို အိမ်နီးချင်းကောင်းများအဖြစ် ယှဉ်တွဲရပ်တည်နေထိုင်လာခဲ့ကြသည်။ မိတ်ဝတ်မပျက် ဆက်ဆံရေးကိုလည်း တည်တံ့အောင် တည်ဆောက်လာခဲ့ကြသည်။ ထိုမျှသာမက ဘာသာရေးအပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ် စံပယ်တော်မူနေသော ဗုဒ္ဓမြတ်စွယ်တော်ကို ၁၉၅၅ ခုနှစ်က တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်က တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်က တစ်ကြိမ် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခဲ့ပြီးဖြစ်သည်။ ယခု ၂၀၁၁ ခုနှစ်တွင်လည်း မကြာမတင် ကြွရောက်လာဦးမည် ဖြစ်သည်။ ထူးခြားလေးနက်သော ဆက်ဆံရေးမျိုး ဖြစ်ပေသည်။

တပ်မတော်အစိုးရလက်ထက် ၁၉၉၇ ခုနှစ်မှစ၍ အမေရိကန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ နှစ်စဉ်လည်း ပိတ်ဆို့မှုသက်တမ်းတိုးမြှင့်လာခဲ့သည်မှာ ယခုတိုင်ဟုပင် ဆိုရမည်ဖြစ်သည်။ စတင်ပိတ်ဆို့ချိန်မှစ၍ စီးပွားရေးပိတ်ဆို့မှု မပြုလုပ်သင့်ကြောင်း၊ စီးပွားရေးပိတ်ဆို့မှု သက်တမ်းတိုးမြှင့်မှု မလုပ်သင့်ကြောင်း စသည်ဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် အခြားကမ္ဘာ့နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များနှင့် ပတ်သက်၍ စံချင်းမတူညီကြောင်း ထောက်ပြ၍ မှန်မှန်ကန်ကန် ရပ်တည်ပေးခဲ့သည်။ ဘုန်းတော်ကြီး ဒက်စမွန်တူးတူး၏ မြန်မာနိုင်ငံကို အရေးယူရေးလှုပ်ရှားမှုတွင်လည်း မြန်မာနိုင်ငံဘက်မှ ရပ်တည်ကာ ကန့်ကွက်ခဲ့သည်။ ၂၀၀၈ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းဒဏ်သင့်မှုအတွက် ကုလသမဂ္ဂတွင် မေလ ၉ ရက်နေ့မှာပင် မြန်မာနိုင်ငံကို အင်တိုက်အားတိုက် အကူအညီပေးရေး ကုလသမဂ္ဂဆိုင်ရာ တရုတ်ဒုတိယသံအမတ်က ကမ္ဘာ့နိုင်ငံများသို့ မေတ္တာရပ်ခံခဲ့သည်။ ဆိုရပါလျှင် နှစ်နိုင်ငံချစ်ခင်ရင်းနှီးမှုသည် သာမန်မျှမဟုတ်ဘဲ ဆွေရင်းမျိုးရင်းပမာ ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲဖြင့် နားလည်စာနာမှုများပါ ပါဝင်နေပေသည်။ ဖြတ်သန်းလာခဲ့သည့် သမိုင်းတစ်လျှောက်တွင် တရုတ်သည် မြန်မာဘက်မှ မားမားမတ်မတ် ရပ်တည်ပြီး မြန်မာတို့၏ အမျိုးသားအကျိုးစီးပွားကို မှန်မှန်ကန်ကန် ရပ်တည်ကာကွယ်ပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၂၀၁၁ ခုနှစ် မေလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် သွားရောက်ခဲ့သည်။ တရုတ်သမ္မတ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီအစိုးရလက်ထက်တွင် ပထမဆုံးဒေသတွင်း နိုင်ငံတစ်ခုသို့ ချစ်ကြည်ရေးခရီးစဉ်လည်းဖြစ်သည်။ **တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းတွင် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်ဆက်ဆံရေးကိုလည်း ဆတက်ထမ်းပိုး ဖြစ်ထွန်းသွားစေရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်သည့် ၁၉၅၀ ခုနှစ် မှစ၍ နှစ်ပေါင်း ၆၀ ကျော်အတွင်း နှစ်နိုင်ငံကြား တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ နားလည်မှုများနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း ပြောကြားခဲ့သည်။**တရုတ်သမ္မတ ဟူကျင်ထောင်းကလည်း မြန်မာနှင့် တရုတ်တို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်း တူညီသည့် ကိစ္စရပ်များရှိနေကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တရားမျှတသည့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်သွားရန်နှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ မိတ်ဖက်ဆက်ဆံရေးသို့ ရောက်ရှိပြီးဖြစ်ကြောင်းများ ပြောကြားခဲ့ပြီး ခရီးစဉ်အပြီးတွင် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ထူထောင်ကြောင်း ကြေညာခဲ့ကြသည်။

**မြစ်ဆုံကိစ္စရပ်ဆိုင်းလိုက်ခြင်းသည် သမ္မတကြီးက ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို အလေးထားပြီး ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။ သမ္မတကြီး၏ ဆောင်ရွက်ချက်မှာ နားလည်မှုပေးနိုင်သည့် ကောင်းမွန်သော ဆုံးဖြတ်ချက်သာဖြစ်သည်။ မြစ်ဆုံကိစ္စသည် တရုတ်ဘက်မှ နစ်နာမှုများအတွက် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပြီး ပြေလည်စွာဖြေရှင်းနိုင်မည့် ကိစ္စသာဖြစ်သည်။ မပြေလည်နိုင်စရာ မရှိပေ။** မလိုသူတို့ ရေးသား၊ ပြောဆို၊ ထုတ်လွှင့်နေကြသလို နှစ်နိုင်ငံ ဆက်ဆံရေး ထိခိုက်စရာ အကြောင်းမရှိပေ။ ယခု မြစ်ဆုံကိစ္စ မဆောင်ရွက်နိုင်သော်လည်း အခြားပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စများစွာ ကျန်ရှိသေးသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်ပမာဏ ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်လည်း ၆ ဘီလီယံအထိပင် မျှော်မှန်းထားသည်။ ကျန်အကျိုးတူပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းအားလုံးကို အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်သွားမည်သာ ဖြစ်သည်။

**မြန်မာ့နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်၍ တက်ကြွသော ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံသွားမည်သာဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးမှာ နှစ်ပေါင်းများစွာ သမိုင်းကြောင်းရှိခဲ့သည်နှင့်အတူ အစွန့်ရှည်ကြာစွာ တည်တံ့အောင် ဆောင်ရွက်သွားကြမည်သာ ဖြစ်သည်။** ဆိုခဲ့သည့်အတိုင်း ခရစ်နှစ် ၉၇ ခုနှစ်က စတင်ရေတွက်ပါလျှင် နှစ်ပေါင်း ၂၀၀၀ နီးပါး သမိုင်းကြောင်းရှိခဲ့သော၊ ဘာသာရေးအရ အပြန်အလှန် ဆက်ဆံမှုလည်း အကြိမ်ကြိမ်ရှိခဲ့သော သာမန်ဆက်ဆံမှုမျိုးမျှသာ မဟုတ်ဘဲ ရင်ထဲအသည်းထဲက လှိုက်လှဲစွာ နားလည်စာနာမှုရှိခဲ့သော၊ ဆွေမျိုးပေါက်ဖော် ချစ်ခင် ရင်းနှီးမှုမျိုးဖြစ်သော တရုတ်-မြန်မာဆက်ဆံရေးသည် မည်သို့မျှ ပျက်ပြားနိုင်မည်မဟုတ်ပါ။ ချစ်ကြည်ခြင်းလည်း ဘယ်သူဖျက်ဖျက် အလျဉ်းမပျက်နိုင်ပါကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်ခဲ့သူ မာရှယ်ချင်ယီ၏ ကဗျာလေးနှယ် ကဗျာတစ်ပိုဒ်ဖြင့် ရေးသားမော်ကွန်းတင်အပ်ပါသည်-

*** မြစ်ညာ မြစ်ကြေ၊ ဘယ်သို့နေလည်း မြေချင်းလည်းဆက်၊ ရေချင်းဆက်လို့ ဆက်ခဲ့ရင်တွင်း၊ ချစ်ကြည်ချင်းလျှင် အလျဉ်းမပျက်နိုင်ပါပြီ။ ။**





မူးယစ်ဆန့်ကျင် အောင်ပွဲဆင်







## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

| | | |
|---|---|---|
| Auto Cad ကျွမ်းကျင် | ၁ | ဦး |
| Office Staff | ၈ | ဦး |
| ငြမ်းဆင်လုပ်သား | ၁၈ | ဦး |
| Millwight | ၆ | ဦး |
| ဆေးသုတ် | ၆ | ဦး |
| Pipe Jacketing | ၆ | ဦး |
| Surveyor | ၁ | ဦး |
| Nurse | ၁ | ဦး |
| Piping Foreman | ၄ | ဦး |
| TIG Welder | ၂၃ | ဦး |
| လျှပ်စစ်ကျွမ်းကျင် | ၄ | ဦး |

အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

**ဆက်သွယ်ရန်** - အမှတ်(၄၁)၊ ၆လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၆၃၉၄၄၈၊ ၆၃၉၄၄၉၊ ၆၃၉၄၅၀



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

## အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

**စာမျက်နှာ ၂ ကော်လံ ၄ သို့ ☆**



### ကြိုဆိုနှုတ်ဆက်

**အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ တွေ့ဆုံ

## ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် နီးကပ်စွာညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးထားဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။**



ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေး ဝန်ကြီးဌာန

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☼**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)